# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး

# ၂၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀ - ၆ - ၂၀၁၇ ]

# ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အလယ်ရှိ ကန်တော်ကြီးကန်ကို ပြန်လည် တူးဖော်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအား ဆောင်ရွက်လုပ်ကိုင်နေသည့် ဝမ်ပေါင်ကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ပါသွားသော မြေယာများအနက် လျော်ကြေးရယူခြင်း မရှိသေးသော တောင်သူလယ်သမားများအား မြေယာငှားရမ်းခ လျော်ကြေးနှင့် သီးနှံ နစ်နာကြေးများ ထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူခံစားခွင့် စာချုပ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ (လက်ပံတောင်း၊ ကြေးနီ၊ တကောင်း နီကယ်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း)တွင် တိုင်းရင်းသားပညာရှင်ဝန်ထမ်းများအား အချိုးကျ ခန့်ထားရန် သတ်မှတ်ချက်များကို စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုထားခြင်း ရှိ/မရှိနှင့် ယင်းစီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံခြားသားများအား ဝင်ငွေခွန် ကောက်ခံထားခြင်း ရှိ/မရှိ တို့ကို သိရှိလိုခြင်းနှင့်** စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြားတွင် ဖမ်းဆီးရရှိခဲ့သည့် တရားမဝင်သစ်များကို ဖမ်းဆီး သိမ်းဆည်း ရရှိသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း သက်ဆိုင်ရာမှ လေလံတင် ရောင်းချပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **သဘာဝဘေးမဲ့ ကာကွယ်တောများအတွင်း အလေ့ကျ ကျက်စားရှင်သန်နေသည့် ဆတ်၊ သမင်၊ ကတိုး၊ ဝက်ဝံတို့နှင့် ရေခဲတောင်ဒေသမှ ကော်ဒီဆက်ပ် ခေါ် ရှီးပတီးပိုးနွယ်ပင်တို့အား အလေ့ကျ သဘာဝမှ စနစ်တကျ ထိန်းသိမ်းမွေးမြူခြင်းဖြင့် ကမ္ဘာ့စျေးကွက်ဝင် ပြည်ပပို့ကုန် ဆေးဖက်ဝင် ပစ္စည်းများ ထုတ်လုပ်သွားရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(ဥက္ကဋ္ဌ၊ ဥပဒေကြမ်း ကော်မတီ) က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။